ဒီဇင်ဘာ ၁၂၊ ၂၀၁၇- ရန်ကုန် မြန်မာ

**စာနယ်ဇင်းသမားများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးလမ်းညွှန်စာအုပ် မိတ်ဆက်ခြင်း**

စာနယ်ဇင်းသမားများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးလမ်းညွှန်စာအုပ်ကို ယနေ့ စတင်ဖြန့်ဝေပါသည်။ ယင်းလမ်းညွှန်စာအုပ်သည် စာနယ်ဇင်းသမားများအတွက် ယင်းတို့၏ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးပစ္စည်းများကို ဝင်ရောက်နှောက်ယှက်ဖျက်ဆီးခြင်းများမှ ကာကွယ်ရန်အတွက် လွယ်ကူရိုးရှင်းသောနည်းလမ်းများအား ရယူ သုံးစွဲနိုင်ရန် ရည်ရွယ်ပါသည်။

*ကျွန်မာပေါ်က စာနယ်ဇင်းသမားတွေအတွက် အနည်းဆုံးအခြေခံအဆင့် ဒစ်ဂျစ်တယ်လုံခြုံရေးအစီအမံတွေ ရှိထားဖို့လိုပါတယ်၊ ဒီလမ်းညွှန်စာအုပ်ကို မြန်မာ၊အင်္ဂလိပ် ၂ဘာသာ နဲ့ ရနိုင်ပါတယ်၊ လုပ်ငန်းခွင်အတွင်းရှိ သတင်းထောက်တွေကို ဒီဂျစ်တယ် တိုက်ခိုက်မှုကနေ သူ့တို့ကိုသူတို့ ကာကွယ်ဖို့အတွက် အဓိကကျတဲ့ နည်းလမ်းတွေကိုသိအောင် ဖော်ပြပေးထားပါတယ်* ဟု ဒီမိုကရေစီနှင့်လူ့အခွင့်အရေးစင်တာက တိုဘီမန်ဒယ်က ဆိုသည်။

စာနယ်ဇင်းသမားများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးလမ်းညွှန်စာအုပ်ကို မြန်မာသတင်းမီဒီယာကောင်စီ၊ နိုင်ငံ တကာမီဒီယာထောက်ပံ့ရေးအဖွဲ့နှင့်ဖိုရိုမီဒီယာအင်စတီကျူတို့ကူညီပံ့ပိုးမှုဖြင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးစင်တာက ပြုစုထားပါသည်။ လမ်းညွှန်စာအုပ်မိတ်ဆက်ပွဲအခန်းအနားသို့ ရန်ကုန်နှင့်နယ်ဒေသများမှ စာနယ်ဇင်းသမား ၅ဝကျော် တက်ရောက်ခဲ့ကြရာ တိုင်းရင်းမီဒီယာများမှကိုယ်စားလှယ်များလည်း အပါအဝင်ဖြစ်သည်။ ယခုကျင်းပ သည့်စာအုပ် မိတ်ဆက်ပွဲမှတဆင့် ဒစ်ဂျစ်တယ်လုံခြုံရေးလမ်းညွှန်စာအုပ်များကို ဖြန့်ဝေသွားမည်ဖြစ်ပြီး အွန်လိုင်းမှလည်း ရယူနိုင်ရန် စီစဉ်ထားပါသည်။

*မြန်မာသတင်းမီဒီယာကောင်စီရဲ့ပထမဦးစားပေးက သတင်းထောက်တွေအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးမြင့်တင်ဖို့ဖြစ်ပါတယ်။ အွန်လိုင်းတိုက်ခိုက်မှုတွေကနေ ကာကွယ်ဖို့ ရိုးရိုးရှင်းရှင်းနဲ့ လက်တွေ့ကျကျအကြံပေးထားတဲ့ ဒီ လမ်းညွှန်စာအုပ်တွေ သတင်းထောက်တွေလက်ထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်အောင် ကောင်စီက အကောင်းဆုံးဆောင်ရွက်ပေးသွားပါမယ်* ဟု ကောင်စီအတွင်းရေးမှူး ဦးသီဟစောက ပြောသည်။

အင်္ဂလိပ်/မြန်မာ၂ဘာသာဖြင့်
https://www.law-democracy.org/live/myanmar-launch-of-digital-security-guide-for-journalists/ တွင်ဝင်ရောက်ကြည့်ရှုရယူနိုင်ပါသည်။
အသေးစိတ်ထပ်မံသိရှိလိုပါက အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

Toby Mendel
Executive Director
Centre for Law and Democracy
Email: toby@law-democracy.org
+95 (0)995 096 0849
www.law-democracy.org
twitter: @law_democracy

U Thiha Saw
Secretary
Myanmar Press Council
Email: executivedirector@mjimyanmar.org
+950950375715